# Basic Digital Skills Course Part 2
# Batch 1

စာမျက်နှာ


1. About Course (သင်တန်းအကြောင်း) 2
2. Curriculum and LMS (သင်ရိုးညွှန်းတမ်းနှင့် သင်ခန်းစာများ လေ့လာနည်း) 3
3. Zoom Class Timetable (တိုက်ရိုက်သင်တန်းချိန်များ) 5
4. Assessments (တတ်မြောက်မှုစစ်ဆေးခြင်း) 6
5. Certificate Criteria (သင်တန်းပြီးမြောက်ကြောင်းလက်မှတ်) 6
6. Rules and Regulations (လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ) 7
7. Contact (ဆက်သွယ်ရန်) 9
8. FAQs (အမေးများသော မေးခွန်းနှင့်အဖြေများ) 9

## About Course (သင်တန်းအကြောင်း)

ယခု Basic Digital Skills Course Part 2 ၏ အဓိကရည်ရွယ်ချက်မှာ ကျောင်းသားကျောင်းသူများနှင့် လုပ်ငန်းခွင်ဝင်ရောက်နေသူများအတွက် အခြေခံ Troubleshooting ပြုလုပ်ခြင်းကိုလက်တွေ့ ပြုလုပ်နိုင်စေရန်၊ Digital Content များ စနစ်တကျဖန်တီးနိုင်ရန် နှင့် Digital Content များဖန်တီးရာတွင် AI ကို ကျင့်ဝတ်နှင့်အညီ အသုံးချနိုင်စေရန်၊ Digital Content များဖန်တီးရာတွင် အသုံးပြုမည့်အရင်းအမြစ်များ၏ မူပိုင်ခွင့်များကို နားလည်ပြီး မှန်ကန်စွာ အသုံးပြုနိုင်စေရန်၊ Digital Content များဖန်တီးရာတွင် အသုံးဝင်သော Tools များဖြစ်သည့် (Canva, Capcut နှင့် Notion) တို့ကို ကောင်းစွာအသုံးပြုနိုင်စေရန် နှင့် Digital Application ကို အသုံးပြုပြီး အွန်လိုင်းအလုပ်ခွင် နှင့် မိမိ၏ ကိုယ်ပိုင် လူနေမှုဘဝ မျှတအောင် ဆောင်ရွက်နိုင်စေရန် တို့ ဖြစ်ပါသည်။

သင်တန်းတက်ရောက်ရန် ဖုန်း (သို့) လက်ပ်တော့ ရှိရန်လိုအပ်ပြီး အင်တာနက် အသင့်အတင့် ကောင်းမွန်ရန် လိုအပ်ပါသည်။ MYEO Messenger Chatbot မှတဆင့် ကိုယ်တိုင်သင်ယူလေ့လာမှု Self Learning ပြုလုပ်ရမည်ဖြစ်ပြီး သင်ခန်းစာများအား ပိုမိုရှင်းလင်းနားလည်စေရန် Zoom ဖြင့်ပြုလုပ်သော အတန်းများအား တက်ရောက်ရမည် ဖြစ်ပါသည်။ အတန်းချိန်တစ်ခုစီအတွက် Zoom Class Recording များလည်း Drive Folder ဖြင့် ပြန်လည်မျှဝေပေးမည်ဖြစ်ပါသည်။

သင်ခန်းစာများအား ဆွေးနွေးရန်၊ ကြေညာချက်များ ရရှိရန်နှင့် ဆရာများနှင့်တွေ့ဆုံနိုင်ရန် Telegram Group များ ပြုလုပ်ပေးထားပါသည်။ သင်တန်းသားတို့သည် သင်တန်းကာလအတွင်း Self Learning, Live Training တို့မှတစ်ဆင့် လေ့လာသင်ယူရမည်ဖြစ်ပြီး Pretest, Quizzes များနှင့် Post Test များလည်း ဖြေဆိုရမည်ဖြစ်ပါသည်။ ထို့နောက် အပတ်စဉ် သင်ခန်းစာများနှင့် ဆရာ/မများကို မှတ်ချက်များလည်း ရေးသားနိုင်မည်ဖြစ်ပါသည်။

သင်တန်းသားတိုင်းအတွက် ကျောင်းသားအမှတ် Student ID တစ်ခုစီရရှိမည်ဖြစ်ပြီး၊ ထို ID နံပါတ်သည် Facebook အကောင့်နှင့်ချိတ်ဆက်ထားသောကြောင့် အကောင့်တစ်ခုတည်းကိုသာ သင်တန်းအစမှ အဆုံး အသုံးပြုရမည်ဖြစ်သည်။

Student ID ကျောင်းသားအမှတ်ရယူရန်

**What is my ID?**

ဟူသော စာသားအား MYEO Messenger သို့ပေးပို့ပါ။

## Curriculum and LMS (သင်ရိုးညွှန်းတမ်းနှင့် သင်ခန်းစာများ လေ့လာနည်း)

Basic Digital Skills Course Part 2 သည် (၃) ပတ်တာ ကြာမြင့်မည်ဖြစ်ပြီး လေ့လာသင်ယူရမည့် သင်ခန်းစာများ နှင့် လုပ်ငန်းစဉ်များအား နေ့ရက် အလိုက် ခွဲခြားထားပါသည်။

| Objective | Activity and Learning Materials (လုပ်ငန်းစဉ်နှင့် သင်ခန်းစာများ) |
|---|---|
| To develop the ability to create digital resources and apply basic troubleshooting skills to overcome challenges | Week 1<br>• Tips to strengthen troubleshooting skills<br>• Tech tips to troubleshoot a computer<br>• Tips to troubleshoot a phone<br>• Slidesgo |
| To use AI and digital tools to create engaging and high-quality content | Week 2<br>• Copyright<br>• Creating content<br>• Chat GPT<br>• Canva |
| To implement best practices for digital wellness, organize tasks and perform basic video editing with CapCut by using secure online practices | Training Day 3<br>• Digital Wellbeing by Focus Plant application<br>• Password security - 2FA (2 step-verification)<br>• Notion<br>• Basic video editing of Capcut |

## LMS (သင်ခန်းစာများလေ့လာရမည့် နည်းလမ်းများ)

Learning Management System LMS သည် သင်ခန်းစာများလေ့လာခြင်း၊ ဆန်းစစ်မှုများဖြေဆိုခြင်း၊ မှတ်ချက်များပေးခြင်း နှင့် သင်တန်းပြီးမြောက်ကြောင်းလက်မှတ်များထုတ်ယူနိုင်ရန်အတွက် စနစ်တစ်ခုဖြစ်ပါသည်။

MYEO တွင် Messenger ကို အခြေခံထားသော အလိုလျောက်သင်ကြားသည့် Chatbot စနစ်ကို အသုံးပြုထားပါသည်။ထို့ကြောင့် သင်တန်းသားများသည် Messenger Chatbot မှ တဆင့်

အထက်ဖော်ပြပါအချက်များကို မိမိတို့စာရင်းပေးသွင်းခဲ့သော Facebook Messenger ကို အသုံးပြုကာ လုပ်ဆောင်ကြရမည်ဖြစ်သည်။

Basic Digital Skills Course အတွက် Messenger Chatbot တွင် သင်ခန်းစာများလေ့လာခြင်းနှင့် ဆန်းစစ်မှုများဖြေဆိုခြင်းများ လုပ်ဆောင်နိုင်ရန်အတွက်

**bds part two**

ဟူသော စာသားအား MYEO Messenger သို့ပေးပို့ရမည်ဖြစ်သည်။ စာရင်းပေးသွင်းထားသည့် အကောင့်များကိုသာ စာပြန်မည်ဖြစ်သောကြောင့် မိမိတို့အသုံးပြုမည့် အကောင့်သည် သင်တန်းအစမှ သင်တန်းပြီးသည်အထိ တစ်ခုတည်းဖြစ်ရပါမည်။

သင်ခန်းစာလေ့လာနည်းကို အောက်ပါ Link ကိုနှိပ်၍ ဗီဒီယိုကြည့်ရှု လေ့လာနိုင်ပါပြီ။


သင်ခန်းစာလေ့လာနည်း :
https://drive.google.com/drive/folders/1OlH09VJ7XfCBWt23b4p-dUvi8Myk8a3b?usp=sharing

သင်ခန်းစာများအား Orientation Session ပြုလုပ်ပြီးသည့်အချိန်မှစ၍ Chat Bot တွင် ကြိုတင်လေ့လာရမည်ဖြစ်ပါသည်။ Zoom အတန်းချိန်မတိုင်မီ သတ်မှတ်သင်ခန်းစာများအား လေ့လာထားရမည်ဖြစ်ပါသည်။

**Zoom Class Timetable (တိုက်ရိုက်သင်တန်းချိန်များ)**

| Date (ရက်စွဲ) | Activity and Learning Materials (လုပ်ငန်းစဥ်နှင့် သင်ခန်းစာများ) |
|---|---|
| | အချိန် - ညနေ ၆ နာရီ မှ ၈ နာရီအထိ |
| အောက်တိုဘာလ (၃၁) ရက်နေ့ | Orientation Session တက်ရောက်ခြင်း<br>• MYEO မိတ်ဆက်ခြင်း<br>• Basic Digital Skills Course Part 2 မိတ်ဆက်ခြင်း<br>• Student ID အကြောင်း<br>• သင်တန်းအချိန်ဇယား<br>• Chat Bot တွင် သင်ခန်းစာများလေ့လာခြင်း<br>• Certificate Criteria<br>• Student Guidelines |

| | |
|---|---|
| နိုဝင်ဘာလ (၅) ရက်နေ့ | Training Day 1<br>• Tips to strengthen troubleshooting skills<br>• Tech tips to troubleshoot a computer |
| နိုဝင်ဘာလ (၇) ရက်နေ့ | Training Day 2<br>• Tips to troubleshoot a phone<br>• SlidesGo |
| နိုဝင်ဘာလ (၁၁) ရက်နေ့ | Training Day 3<br>• Copyright<br>• Creating content |
| နိုဝင်ဘာလ (၁၃) ရက်နေ့ | Training Day 4<br>• Chat GPT<br>• Canva |
| နိုဝင်ဘာလ (၁၉) ရက်နေ့ | Training Day 5<br>• Digital Wellbeing by Google<br>• Password security - 2FA (2 step-verification) |
| နိုဝင်ဘာလ (၂၁) ရက်နေ့ | Training Day 6<br>• Notion<br>• Basic video editing of Capcut |




Zoom အတန်းတက်သည့်အခါ မိမိ၏ အမည်ကို Nickname +Student ID (ဥပမာ - Thazin 12345 ) အဖြစ်ထားရှိရမည်။ ID ပြောင်းမှသာ အတန်းခေါ်ကြိမ်ရရှိမည်ဖြစ်သည်။

Zoom အတန်းချိန်များမတက်ရောက်နိုင်ပါက @myeocommunity Telegram အကောင့်တွင် ခွင့်တိုင်ရန်လိုအပ်ပြီး၊ စုစုပေါင်း ၄ ချိန် တက်ရောက်ရမည်ဖြစ်ပါသည်။

**ခွင့်တိုင်ရန်အတွက်**
**Student ID - 123456**
**Case အကြောင်းအရင်း - အလုပ်ကိစ္စ၊ နေမကောင်းပါ၍၊ စသဖြင့် ရေးသားပေးပို့ပါ။**

Zoom အတန်းများအတွက် recording video များအား အောက်ပါ Folder ထဲတွင် ပြန်လည်မျှဝေပေးသွားမည်ဖြစ်သည်။

Recording Folder:
https://drive.google.com/drive/folders/1291xbs7NDWNr_RXAN7_I_eKwmgnGitN4

## Assessments (တတ်မြောက်မှုစစ်ဆေးခြင်း)

အပတ်စဉ် လေ့လာသင်ယူရသော သင်ခန်းစာများအတွက် Quiz ဆန်းစစ်မှုများရှိမည်ဖြစ်ပြီး ၁၀ မိနစ်ခန့်သာကြာမြင့်မည်ဖြစ်ပါသည်။ ပထမအပတ် Zoom အတန်းများ ပြီးဆုံးချိန်တွင် ဖြေဆိုနိုင်ပြီး အပတ်စဉ် တနင်္ဂနွေနေ့ နောက်ဆုံးထား၍ ဖြေဆိုရပါမည်။

Quiz ဆန်းစစ်မှုများမှာ

- Pre Assessment
- Week 1 Quiz
- Week 2 Quiz
- Week 3 Quiz
- Post Assessment တို့ဖြစ်ပြီး သင်တန်းသားအားလုံးမဖြစ်မနေ ဖြေဆိုရပါမည်။ Quiz အမှတ်များသည် GPA နှင့် Certificate အတွက် အရေးကြီးပါသည်။

Quiz ဖြေဆိုနည်း Video ကြည့်ရှုရန် အောက်ပါ Link ကို နှိပ်ပါ။

Quiz ဖြေဆိုနည်း :
https://drive.google.com/drive/folders/19jo8ZCnQjr4q-b2AyBqxQ7dEkIkaT-Zt?usp=sharing

ထို့အပြင် အပတ်စဉ် လေ့လာသင်ယူရသော သင်ခန်းစာများအတွက် အပတ်စဉ် Assignment များနှင့် နောက်ဆုံး စမ်းစစ်ခြင်း Final Project များကို ပြုလုပ်ရမည်ဖြစ်ပါသည်။

Assignments များမှာ

- Assignment 1 (Week 1)
- Assignment 2 (Week 2)
- Assignment 3 (Week 3)
- Final Project

တို့ဖြစ်ပြီး Final Project ပြီးမြောက်မှသာလျှင် Certificate ရရှိမည်ဖြစ်ပါသည်။

Assignment တင်နည်း Video ကြည့်ရှုရန် အောက်ပါ Link ကို နှိပ်ပါ။

Assignment တင်နည်း :
https://drive.google.com/drive/folders/1S6_gzd2bBM4f0bnTPQ2MiudTzR-1xEC1?usp=sharing

## Post Assessment (တတ်မြောက်မှုစစ်ဆေးခြင်း)

သင်တန်းကာလအတွင်း လေ့လာသင်ယူရသော သင်ခန်းစာများအတွက် Post Test ဆန်းစစ်မှုရှိမည်ဖြစ်ပြီး ၁၀ မိနစ်ခန့်သာကြာမြင့်မည်ဖြစ်ပါသည်။ ပထမအပတ် Zoom အတန်းများပြီးဆုံးချိန်တွင် ဖြေဆိုနိုင်ပြီး သင်တန်းအပြီး ၂ ရက်အတွင်းဖြေဆိုရပါမည်။
Post Test ဖြေဆိုနည်း Video ကြည့်ရှုရန် အောက်ပါ Link ကို နှိပ်ပါ။

Post Test ဖြေဆိုနည်း :
https://drive.google.com/drive/folders/1bNumVMSsZUgFw7VGWQ3kt7NCUmMD2Vty?usp=sharing

### Feedback (မှတ်ချက် အကြံပြုချက်များပေးနည်း)

အပတ်စဉ် လေ့လာသင်ယူရသော သင်ခန်းစာများနှင့် အတန်းချိန်များ၏ သင်ကြားမှု များအတွက် မှတ်ချက်များပေးရန်လိုအပ်ပါသည်။ မှတ်ချက်များသည် နောက်လာမည် သင်တန်းများအား ပိုမိုကောင်းမွန်စွာ စီစဉ်နိုင်ရန် အလွန်အရေးပါသောကြောင့် ဖြေဆိုရန် တိုက်တွန်းပါသည်။

- Week 1 Feedback
- Week 2 Feedback
- Week 3 Feedback
- Overall Feedback ဟူ၍ ၃ ခုရှိပါသည်။ အပတ်စဉ် ဖြေကြားပေးရပါမည်။

Feedback ဖြေဆိုနည်း :
https://drive.google.com/drive/folders/18pabJdct2vM6EsmhxcOiL9myz6-qTxZi?usp=sharing

### Certificate Criteria (သင်တန်းပြီးမြောက်ကြောင်းလက်မှတ်)

### Completion

သင်တန်းကာလ ပြီးဆုံးသည် အထိ ပါဝင်သူများအား Certificate ချီးမြှင့်မည်ဖြစ်ပြီး သတ်မှတ်ချက်များမှာ


1. Certificate ရရှိရန် အတန်းခေါ်ကြိမ် အနည်းဆုံး ၅၀% ရှိရမည်။
2. Week 1 Quiz, Week 2 Quiz, Week 3 Quiz and Post Test ဖြေဆိုခြင်း ရမှတ် အနည်းဆုံး ၅၀% ရှိရမည်။
3. Week 1, Week 2,Week 3 Assignment တင်ခြင်း ၅၀% ရှိရမည်။
4. Final Project ပြီးဆုံးအောင် လုပ်ရမည်။
5. Post Test သင်တန်းအပြီးစစ်ဆေးမှုအား မဖြစ်မနေ ဖြေဆိုရမည်ဖြစ်ပြီး အောင်မှတ်သည် ၅၀ ဖြစ်သည်။

**Rules and Regulations (လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ)**

**(က) တယ်လီဂရမ် ဂရုတွင် လိုက်နာရမည့်အချက်များ**

- တယ်လီဂရမ်  ဂရု သို့ဝင်ရောက်ပြီးနောက် ကြေညာချက်များအား သေချာစွာဖတ်ရှုရပါမည်။
- မိမိ၏ တယ်လီဂရမ် နှင့် Zoom အမည် နေရာတွင် အမည် အတိုကောက် နှင့် ကျောင်းသားအမှတ် (Student ID) ကို အမည်အဖြစ် ထားရှိရပါမည်။ ဥပမာ - မိမိအမည်သည် မောင်မောင် ဖြစ်ပါက မောင်မောင် (123456)။ အကယ်၍ အမည်ပြောင်းရန် အခက်အခဲရှိပါက facilitator အား ပြောပြ အသိပေးရန် လိုအပ်ပါသည်။
- မိမိ ၏ ကျောင်းသားအမှတ် Student ID အား  ဂရု ထဲတွင် message ရေးသား ပေးပို့ရပါမည်။
- အတန်းများ တက်ရောက်ရန် မအားလပ် (သို့) အခက်အခဲရှိသည့် အခါ facilitator  များအား Direct Message မှ ဖြစ်စေ၊ ဂရုထဲတွင် စာပို့၍ဖြစ်စေ အကြောင်းကြားရပါမည်။
- ခွင့်တင်ရာတွင် Student ID နှင့် အကြောင်းအရာကို ရေးသား၍ MYEO ၏ Telegram အကောင့်ဖြစ်သော @myeocommunity သို့ ကြိုတင် အကြောင်းကြားရပါမည်။
- မရှင်းလင်းသည်များ၊ ဆွေးနွေးလိုသည်များအတွက်Telegram Group တွင်  မေးခွန်းများ ရေးသားကာ မေးမြန်းဆွေးနွေးရပါမည်။
- အခြားသူများ၏ ဆွေးနွေးမှုများအား လေးစားသမှု ရှိရပါမည်။ မတူကွဲပြားမှုများကို လက်ခံ နားလည်ရပါမည်။
- Telegram Group တွင် ကျောင်းသားအချင်းချင်း ပုတ်ခတ်ပြောဆိုခြင်း၊ အဖွဲ့အစည်းအပေါ် ပုတ်ခတ်ပြောဆိုခြင်းများကို ရှောင်ရှားရမည်။ အဆင်မပြေမှုများရှိပါက သင်တန်းဆရာသို့ တိုက်ရိုက်ပြောကြားနိုင်ပြီး MYEO မှ အကောင်းဆုံးဖြေရှင်းပေးပါမည်။ သို့သော် သင်တန်းနှင့် မသက်ဆိုင်သော ၊ မိမိတို့ တတ်နိုင်သည်ထက် ကျော်လွန်နေသော ပြသနာများအတွက် ဖြေရှင်းပေးမည်မဟုတ်ပါ။
- သင်တန်းသားများနှင့်အတူရှိနေသော မိမိ၏ တယ်လီဂရမ် အကောင့်ကို လုံခြုံစွာထားရပါမည်။ အောက်ပါနည်းလမ်းများအား အသုံးပြုနိုင်သည်။

## Telegram နာမည်ပြောင်းခြင်း




Telegram Setting ကိုနှိပ်ပါ


အပေါ်ထောင့်ရှိ အစက်သုံးစက်ကို နှိပ်ပါ

Edit Name ကို နှိပ်ပါ

နာမည် နောက်တွင် Student Id ကို ထည့်ပြီးပါက အမှန်ခြစ်ကို နှိပ်ပါ

MYANMAR YOUTH EMPOWERMENT OPPORTUNITIES

## Telegram ဖုန်းနံပါတ်ဖျောက်ခြင်း




Telegram Setting မှ Privacy and Security ကိုနှိပ်ပါ

Phone Number ကိုနှိပ်ပါ

Who can see  အတွက် Nobody ကို ရွေးပါ
Who can find အတွက် My Contacts ကိုရွေးပါ


MYANMAR YOUTH EMPOWERMENT OPPORTUNITIES

**(ခ) အွန်လိုင်းတိုက်ရိုက်အတန်းချိန်များတွင်  လိုက်နာရမည့်အချက်များ**

1. Zoom အတန်းတက်ရောက်သည့်အခါ မိမိ၏ Zoom တွင်ပေါ်သော အမည် (Zoom Display Name) အား Nickname+Student ID (ဥပမာ - Aung Aung 123456 ) အဖြစ် ပြောင်းပေးရပါမည်။
2. Zoom Class စာသင်ခန်းသို့ အချိန်မီ၊ နောက်မကျပဲ  ရောက်ရှိရပါမည်။ သင်တန်းဆရာမှ ၅ မိနစ်ခန့်သာ စောင့်ဆိုင်းပေးမည်ဖြစ်သည်။
3. အင်တာနက်လိုင်းနှေးကွေးမှု နှင့် စာသင်ကြားမှုကို အနှောက်အယှက် မဖြစ်စေရန် သင်တန်းချိန်အတွင်း မိမိ၏ ဗီဒီယိုကင်မရာ ပိတ်ထားရမည်။
4. လေ့လာ သင်ယူရန်အတွက် ကောင်းမွန်သော၊ လုံခြုံစိတ်ချရသော နေရာခင်းကျင်းတစ်ခုတွင် ရှိရပါမည်။ အကယ်၍ မိမိ နေထိုင်ရာ အရပ်တွင် အွန်လိုင်းမီတင်ပြုလုပ်ရန်အတွက် အဆင်မပြေမှုများ ရှိလာပါက သက်ဆိုင်ရာ facilitator များအား အကြောင်းကြားရပါမည်။
5. အကယ်၍ မိမိ၏ နေရာတွင် ဆူညံသံများ ရှိနေပါက၊ သို့မဟုတ် စကားမပြောနေပါက အသံပိတ်ခြင်း (Mute) ကို ပြုလုပ်ရပါမည်။
6. သင်ခန်းစာများကို မှတ်စုထုတ် လေ့လာမှတ်သားရန်အတွက် ပြင်ဆင်ထားရပါမည်။
7. သင်တန်းချိန်အတွင်း အာရုံစူးစိုက်မှု အပြည့်ထားရှိ ပြီး အတန်းတွင်းလှုပ်ရှားမှု များတွင် ပါဝင်ရပါမည်။
8. အတန်းချိန်အတွင်း မေးခွန်းများမေးလိုပါက၊ ဆွေးနွေးလိုပါက Zoom Reaction မှ Raise Hand လုပ်ပေးရပါမည်။
9. အခြားသူများ၏ ဆွေးနွေးမှုများအား လေးစားသမှု ရှိရပါမည်။ မတူကွဲပြားမှုများကို လက်ခံ နားလည်ရပါမည်။

Zoom အမည်ပြောင်းခြင်းနှင့် Zoom တွင် အသံဖွင့်ပိတ်ခြင်းများအတွက် အောက်ပါ လမ်းညွှန်ချက်များအား မှတ်သားလုပ်ဆောင်နိုင်ပါသည်။

## Zoom တွင် နာမည်ပြောင်းခြင်းနှင့် Reactions များအသုံးပြုခြင်း




Participants ကိုနှိပ်ပါ



မိမိနာမည်(သို့) အကောင့် ကိုနှိပ်ပါ




နာမည် နောက်တွင် Student Id ကို ထည့်ပြီးပါက Done နှိပ်ပါ




Reactions ကို နှိပ်ပြီး ရွေးချယ်အသုံးပြုနိုင်ပါသည်

MYANMAR YOUTH EMPOWERMENT OPPORTUNITIES


## Zoom အသံ ချိတ်ဆက်ခြင်း



Join Audio ကို နှိပ်ပါ



Wifi or Cellular Data ကိုနှိပ်ပါ



ယခုပုံစံအတိုင်းဖြစ်ပါက အသံကြားရမည်ဖြစ်သည် စကားပြောလိုပါက Unmute ကို နှိပ်ပါ

MYANMAR YOUTH EMPOWERMENT OPPORTUNITIES

### (ဂ) MYEO သင်တန်းသား တစ်ဦးအနေဖြင့် လိုက်နာရမည့်အချက်များ

1. သင်တန်းဆရာ၊ ဆရာမများ နှင့် အခြားသော သင်တန်းဖော်များ၏ ကိုယ်ရေးအချက်များ မျှဝေခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရပါ။
2. ကိုယ်ရေးကိုယ်တာ အချက်အလက်များ (ဥပမာ- အမည်အရင်း၊ မွေးနေ့၊ မှတ်ပုံတင်အမှတ်၊ အိမ်လိပ်စာ စသည့် personal identity များ) ပြောဆိုဆွေးနွေးခြင်း၊ မျှဝေခြင်း မပြုလုပ်ရပါ။
3. သင်တန်းသားအချင်းအချင်း လေးစားမှုထားပြီး Peer-learning ပြုလုပ်ရမည်။
4. သင်တန်းသားများသာ ရရှိသည့် Telegram Group Link နှင့် Zoom Link တို့အား အခြားပြင်ပ မှ သူများနှင့် မျှဝေခြင်း၊ ဖိတ်ခေါ်ခြင်းများ မပြုလုပ်ရပါ။
5. သင်ခန်းစာဖိုင်များနှင့် recording video များအား သင်တန်းသား မဟုတ်သူများနှင့် မျှဝေခြင်း မပြုလုပ်ရပါ။
6. ဆန်းစစ်မှုများဖြစ်သော Test, Quiz နှင့် Feedback များအား သတ်မှတ်ချိန်အတွင်းဖြေဆိုရပါမည်။
7. သင်တန်းတွင်း လှုပ်ရှားမှုများနှင့် သင်ခန်းစာ Slides များအား ခွင့်ပြုချက်မရှိပဲ Screenshot ရိုက်ခြင်းနှင့် ပြန်လည် မျှဝေခြင်း မပြုလုပ်ရပါ။ သင်တန်းဆရာမှ ခွင့်ပြုမှသာ လုပ်ဆောင်ရမည်။
8. သင်တန်းသားအချင်းချင်းကြား သင်တန်းနှင့် မသက်ဆိုင်သော အကြောင်းအရာများအပေါ် အခြေခံ၍ ဖြစ်ပေါ်လာသော အချင်းပွားမှု၊ အငြင်းပွားမှုများကို သင်တန်းမှ တာဝန်ယူ ဖြေရှင်းပေးခြင်း နှင့် သင်တန်းနှင့် သက်ဆိုင်ခြင်းရှိမည် မဟုတ်ပါ။ Private Chat များတွင် ဖြစ်ပေါ်သော ပြဿနာများအားလည်း ရှင်းလင်းပေးမည် မဟုတ်ပါ။

### Contact (ဆက်သွယ်ရန်)

- သင်ခန်းစာနှင့်ပက်သက်သည်များအား မေးမြန်းရန် “Telegram Group” တွင် ဆက်သွယ်ပါ။
- ခွင့်တိုင်ရန်နှင့် သီးသန့်ဆွေးနွေးလိုသည်များအတွက် @myeocommunity , Telegram Admin အကောင့်ကို ဆက်သွယ်နိုင်သည်။ ရုံးချိန် **မနက် ၉ နာရီမှ ညနေ ၆ နာရီ**အတွင်း ပြန်လည်ဖြေကြားပေးမည်ဖြစ်သည်။
- အိမ်စာများရှိလာပါက အိမ်စာထပ်ရန် faci@mymyeo.com သို့ email ပေးပို့ရမည်။

### FAQs (အမေးများသော မေးခွန်းနှင့်အဖြေများ)

**** နံပါတ် 1,2,... တပ်ထားသည်မှာ အမေးဖြစ်လျှင် bullet point ပြထားသည်မှာ အဖြေဖြစ်သည်။**

1. Student ID ဘယ်လိုသိရမလဲ။
    - Student ID ဆိုတာ စာရင်းသွင်းထားသော ကျောင်းသား အကောင့်တစ်ခုကို ID တစ်ခု သတ်မှတ်ပေးတာဖြစ်ပါတယ်။
    - Student ID ကျောင်းသားအမှတ်ရယူရန် **What is my ID?** ဟူသော စာသားအား စာရင်းသွင်းထားသော အကောင့် ဖြင့် MYEO Messenger သို့ပေးပို့ပါ။
    - Facebook အကောင့် ပြောင်းလဲသွားပါက ID ပြောင်းသွားမှာဖြစ်တာကြောင့် စာရင်းသွင်းထားသော Fb acc တစ်ခုကိုသာလျှင် အသုံးပြုရမှာ ဖြစ်ပါတယ်။

2. Student ID က ဘယ်နေရာမှာ သုံးရမှာလဲ။
    - အတန်းချိန် attendance ရယူခြင်း၊ Quiz နှင့် Test များ ဖြေဆိုခြင်း၊ Feedback ဖြေဆိုခြင်း၊ Assignment တင်ခြင်းနှင့် Certificate ရယူဖို့ သုံးပါတယ်။ Facebook အကောင့် ပြောင်းလဲသွားပါက ID ပြောင်းသွားမှာဖြစ်တာကြောင့် စာရင်းသွင်းထားသော Fb acc တစ်ခုကိုသာလျှင် အသုံးပြုရမှာ ဖြစ်ပါတယ်။အကောင့်က တစ်ခုထဲ ဖြစ်ရပါမယ်။

3. အတန်းချိန်မှာ မဖြစ်မနေ အတန်းပျက်ရန်ရှိပါက ခွင့်ယူနိုင်ပါသလား။
    - ခွင့်ယူနိုင်ပါတယ်။ Chat Bot နှင့် Zoom Recording ကို ပြန်လေ့လာဖို့လိုပါတယ်။

4. အတန်းချိန်မပြည့်ရင် ဘာဖြစ်မှာလဲ။
    - အတန်းချိန်များအတွက် recording ပြန်ပေးပါမည်၊ သို့သော် Attendance (50%) မပြည့်ပါက Certificate ရရှိမည် မဟုတ်ပါ။

5. Certificate ရအောင် ဘယ်လိုလုပ်ရမလဲ။
    - သင်ခန်းစာတွေကို အကုန်လေ့လာပါ။
    - Pre-Test, Post Test နဲ့ Quiz တွေ သေချာဖြေဆိုပါ။
    - Assignment နှင့် Final Project ကို ပြီးဆုံးအောင်ပြုလုပ်ပါ။
    - အတန်းချိန်ကို ပုံမှန်တက်ပါ။ မဖြစ်မနေပျက်ရန်ရှိပါက ခွင့်တိုင်ပါ။

6. ခွင့်ဘယ်လိုတိုင်ရမလဲ။
    - ခွင့်တိုင်ရန်အတွက် , Student ID - 123456, Case အကြောင်းအရင်း - အလုပ်ကိစ္စ၊ နေမကောင်းပါ၍၊ စသဖြင့် ရေးသားကာ **@myeocommunity** Telegram အကောင့်သို့ပေးပို့ပါ။

7. Facebook နဲ့ messenger သုံးမရတော့ရင် ဘယ်ကနေ လေ့လာရမလဲ။

- လူများလာရင် Telegram ကနေ စာလေ့လာလို့ရအောင် စီစဥ်ပေးမှာဖြစ်ပါတယ်။
- MYEO Admin အကောင့်မှာ Telegram ကနေ စာလေ့လာဖို့ နည်းလမ်း လာတောင်းလို့ရပါတယ်။
- Telegram Bot အသုံးပြုပါက /start ဟု စာပို့ပြီး ID မေးပါက Messenger Student ID ကို စာရိုက်ပေးပါ၊ သို့မှသာလျှင် ID အတူတူဖြစ်ပြီး အမှတ်ရရှိမှာဖြစ်ပါတယ်။